# သခင့်စကား

## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့်ဝိညာဉ်ရေးရာစာစောင်

**မှန်သော စကားသည်**
**တန်ခိုး ကြီး၏**
**ယောဘ – ၆:၂၅**

အမှတ်စဉ် (၁၉၁) ဇူလိုင်လ ၂၀၁၇ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


## ယုဒသန် နဲ့ မောင်နော

**ယုဒသန် နဲ့ မောင်နော***(မင်းအောင်သက်လွင်)*

ယု - ယုယ စွာ ရင်မှာ ထွေးပိုက်ပါလို့

ဒ - ဒဿန အတွေးအခေါ်တွေနဲ့ ဘေးချော်နေတဲ့

သန် - သန်မာ ကြီးထွား၊ စာတန့် တန်ခိုးများကို

မောင် - မောင် တစ်ထမ်း၊ မယ် တစ်ရွက်၊ အရှင့်သာသနာ မီးခွက်နဲ့

နော - နောကျေစွာ သိမြင် နားလည် ခံယူနိုင်ဖို့

သမ္မာကျမ်းကို သူတို့ ဘာသာပြန်ခဲ့တယ်။

ယုဒသန် နဲ့ ဇနီးသည် မမအန်း -



လက်တွဲကာ ဟောတဲ့ ဧဝံဂေလိ တရားကြောင့်

မောင်နော လို မြန်မာတွေတောင် -

အမှောင်တော ကနေ၊ အလင်းဆီ ရောက်ခဲ့ပြီ။

[ယုဒသန် = မြန်မာပြည်တွင် ပထမဦးဆုံး သမ္မာကျမ်းစာကို ဘာသာပြန်ခဲ့သည့် အမေရိကန် နှစ်ခြင်းခရစ်ယာန် သာသနာပြု။][မမအန်း Ann = ယုဒသန်၏ ဇနီးသည်။]



[မောင်နော = နှစ်ခြင်း ခရစ်ယာန်သာသနာကို ပထမဦး ဆုံး ယုံကြည် သက်ဝင် ခဲ့သော မြန်မာလူမျိုး။]

---

## တင့်တယ် တံခါးဝက မတင့်တယ်သူ

**(တင့်တယ်တံခါးဝက မတင့်တယ်သူ)** Saw Z Net Eagle

ကြည့်တာက အောက်။ တောင်းတာက အပေါ်

အဲ့ဒါ "သူတောင်းစား" ။

သွားတာက ဘုရားကျောင်း၊ လိုချင်တာ ပိုက်ဆံ

စိတ်နှလုံးက မူမမှန်။ ။

နှလုံးသားက၊ ဘုရားထက် ။ အခွင့်အရေးကို မျှော်ကိုး



ကျင်လည်တတ်တာ ထုံးစံပါ။ ။

ထုံးစံကနေ စစ်မှန်စွာ၊ ပြုံးပျော်ရွှင် နိုင်ဖို့

အထက်ကိုလေ မျှော်ကြည့်

နာမတော်ကို ကိုင်စွဲ၊ ဗိမ္မာန်တော်ထဲ ဝင်ရောက်လို့

ကိုယ်တော်ကို...စဉ်...ချီးမွမ်း။ ။

---

## အစွန်းရောက်တဲ့လား

**အစွန်းရောက်တဲ့လား**

ပြောကြတယ်လေ၊ တယူသန် အစွန်းရောက်သမား တဲ့။

ဒါဖြင့် မေးကြည့်မိတယ်၊

ငါသာ လမ်းခရီး၊ အခြား လမ်း မရှိ ဆိုတဲ့ ခရစ်တော်.....



ထိုသခင် နာမမှ တစ်ပါး၊ ကယ်တင်ရာ လမ်း မရှိ

ဆိုခဲ့တဲ့ ပေတရု...... အပြစ်ရှိတာ အတူတူ

ငါသာလျှင် အကြီးဆုံး အပြစ်သား၊ ဝန်ခံခဲ့တဲ့ ပေါလု.....

သုံးလောကကို ဖန်ဆင်း၊ အုပ်စိုးတဲ့ အရှင်က

ငါမှ တစ်ပါး အခြား မကိုးကွယ်ရ ဆိုတဲ့ ဘုရား.......

မင်းတယောက်ပဲ မှန်ပြီး၊ သူတို့ အားလုံး

ငါကိုးကွယ်တဲ့ ဘုရား အပါအဝင် အစွန်းရောက် တယူသန်တွေပဲ ဆိုရင်

ကျေနပ်စွာနဲ့ ခံယူမယ်..... ကျွန်တော် ..

တယူသန် အစွန်းရောက်သမား ပါပဲ။ ။ **ဆယ်မြူရယ်စိုးလွင်**

---

## ရေပေါ်က ခြေတော်

**(ရေပေါ်က ခြေတော်)** (မဿဲ၁၄း၂၄-၃၁) Sai Naung [Kalay]

သခင့် ဖဝါးတော်၊ ဂါလိလဲ အိုင် အထက်

သခင် ကြွလျက်၊ သဘာဝကို ကျော်လွန်လျက်။

လှမ်းလာခဲ့ဖို့ ဖိတ်ခေါ်တာ၊ ပေတရု ကိုပါ၊



ယုံကြည်ခြင်းနဲ့ သူ လျှောက်လှမ်း ။ သခင့် အနားသို့ သူ့ခြေလှမ်း၊

လေပြင်းသည်ကို မြင်သောအခါ၊ စိုးရိမ်စိတ်တို့ ဝင်သွားကာ

ရေထဲ နစ်မြုပ် နစ်မွန်းလို့ ။ သခင် ကယ်ပါ သူ ဟစ်လေ၏။

သခင့်လက်တော်သူ့အားဆွဲခေါ်၊ အားနည်းသောသူ၊ယုံကြည်သူအား




ယနေ့ချိန်ထိလည်း၊ သခင်ဆွဲခေါ်နေဆဲ။ )

---

## အားလုံးအထက်က

**အားလုံးအထက်က** (သိုးသူငယ် - ဒါးက)

ကိုယ်တော် - ချစ်ခြင်းနဲ့ သွန်းလောင်းခဲ့တဲ့ ကိုယ်တော့်အသွေး



အပြစ်နဲ့ မည်းညစ်နေတဲ့ နှလုံးသားကို ဖြူစင်စေတယ်။

ချစ်ခြင်းနဲ့ ဆုံးမနေတဲ့ ကိုယ်တော့် ဩဝါဒ

မှားယွင်းစွာသွားနေတဲ့ ခြေလှမ်းတွေကို ပြုပြင်ပေးတယ်။

ချစ်ခြင်းနဲ့ ပြောပြနေတဲ့ ကိုယ်တော့်အကြောင်း သတင်းစကား

မမှန်ကန်တဲ့ အမှီမပြုလောက်တဲ့ အားမကိုးလောက်တဲ့

အရာတွေထဲက ဆွဲထုတ်နေတယ်။

ကိုယ်တော်သာလျှင် ကျွန်ုပ် အပြစ်သားရဲ့ မှီခိုရာအားကိုးရာ

အရာ အားလုံး အထက်က သခင်ပါ။

## အဖေများနေ့ ကိုငါဘယ်လိုများကျော်ဖြတ်ရပဲ့မလဲ

**အဖေများနေ့ကိုငါဘယ်လိုကျော်ဖြတ်ရပဲ့မလဲ**မေသူ(ဇောနေဇာ အသင်းတော်)

အဖေများနေ့ ရောက်ပြီဆိုတော့ ကျွန်မ အနည်းငယ်မျှ အဖေ့အတွက် သက်သေ ခံချင်ပါတယ်။ ကျွန်မရဲ့ ဖခင်က မယုံကြည်သူ တယောက်ပါ။ အမေနဲ့ စပြီး အိမ်ထောင် မကျစဉ်ကပင် ခရစ်ယာန်ဘာသာကို လေ့လာခဲ့သူပါ။ အမေနဲ့ အိမ်ထောင် ကျပြီး ကျွန်မတို့ကို ရလာတော့လည်း အခက်အခဲ အမျိုးမျိုး ကြားထဲက ကျွန်မတို့ မောင်နှမတွေကို ဘုရားကျောင်းကို ရောက်အောင် ပို့ပေး ခဲ့ပါတယ်။ အဖေ့ရဲ့ ယုံကြည်ခြင်းက အရမ်းကို အံ့ဩဖို့ ကောင်းပါတယ်။ ည အိပ်ယာ ဝင်တိုင်း ကျွန်မတို့ကို ဆုတောင်းဖို့ ပြောတယ်။ ကောင်းကင်ဘုံ၌ ဆုတောင်း ပဌနာတော်ကို အဖေ ကပဲ ကျွန်မတို့ မောင်နှမတွေကို ငယ်စဉ်ကပင် သင်ကြား ပေး ခဲ့ပါတယ်။ ကျွန်မတို့ အရွယ်ရောက်လာလို့ နှစ်ခြင်း မင်္ဂလာခံယူဖို့ အသင်းအုပ် ဆရာက ပြောလာပါတယ်။





အဖေက အရမ်း ဝမ်းသာပြီး အသင်းအုပ် ကို မေးလိုက် ပါတယ်။ ဆရာ ကျွန်တော်ရော နှစ်ခြင်းခံလို့ရလား လို့ မေး တော့ ဆရာ ကလည်း ရတာပေါ့။ ခင်ဗျား က ဒီလောက် ခရစ်ယာန် အပေါ် ယုံကြည် ခြင်း အားကြီးနေတာ ကျွန်တော် အသိဆုံးပါပဲလို့ ဆရာက ပြန်ပြော ခဲ့ပါတယ်။ ဒါနဲ့ပဲ ကျွန်မ အဖေနဲ့ အတူတူ နှစ်ခြင်း မင်္ဂလာခံဖို့ ကျမ်းစာ သင်ယူ ခဲ့ကြပါတယ်။ ကျမ်းစာ သင်ယူရင်း ဆရာက နှစ်ခြင်း မင်္ဂလာ အကြောင်း ရှင်းပြ နေချိန်မှာ အဲဒီက အကြောင်းအရာ တစ်ခုကို အဖေနဲ့ ကျွန်မ ကျမ်းစာသင်ပြီး ပြန်လာတဲ့ အချိန်မှာ အဖေက ကျွန်မကို ပြန်ပြောပါတယ်။ (သမီးကြီး ဒီနေ့ ဆရာ ပြောတဲ့ အထဲက တစ်ခုကို သမီးကြီးကို အဖေ ပြန်ပြောမယ်။ သေချာ နားထောင်။ သေတဲ့ အထိ မှတ်ပါ။ ခရစ်ယာန် ဖြစ်လာရင်၊ ယုံကြည်သူ ဖြစ်လာလို့ နှစ်ခြင်း ခံယူပြီးရင် ဘယ်တော့မှ ခွေး ရေချိုး ပေးသလိုမျိုး ဘယ်တော့ မဖြစ်နဲ့။ နှစ်ခြင်း ခံယူပြီးတာ ပဲ။ နှစ်ခြင်း ခံပြီး ဘုရားကျောင်း မတက်။ ကျမ်းစာမဖတ်။ ဆုမတောင်းဘူး ဆိုရင် ဒါ ခရစ်ယာန် မဟုတ်ဘူး။ ခရစ်ယာန် အမည်ခံတွေ။ ခွေးကို ရေချိုး ပေးလိုက်ရတဲ့ သူတွေ။ ခွေး ဆိုတာ ရေချိုးပေးပြီး ခဏပဲ။ လူပ်ခါပြီး ဖုံပြန် လူးတတ်ကြတယ်။ ဒါ့ကြောင့် - သမီး ခွေး ရေချိုးလိုက်သလို မလုပ်နဲ့။



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၁ ဇူလိုင်လ ၂၀၁၇ ခုနှစ်။

နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂန်ုသာ ထုတ်ဝေသည်။

မဖြစ်စေနဲ့လို့ ပြောခဲ့တယ်။) အခု ချိန်မှာတော့ အဖေက မကြာသေးခင်ကပင် ဘုရား သခင်ရဲ့ ခေါ်တော် မူခြင်းကို ခံရပြီး ဘုန်းတော် ဝင်စားခဲ့ပါတယ်။ ဘုန်းတော် မဝင်စားခင် သူ တော်တော် မကျန်းမာ ဖြစ်တော့လည်း သူ့ရဲ့ ခရစ်တော် အပေါ် ယုံကြည်ခြင်း ကို ကျွန်မ စမ်းသပ်ခဲ့ပါတယ်။ အဖေ ဒီလောက် နေမကောင်း ဖြစ်နေတာ ဘယ် တရား ခွေ နားထောင်ချင်လဲ။ အရင်က ကိုးကွယ် ခဲ့တဲ့ ဘာသာ တရား နားထောင် မလား။ ခရစ်ယာန် တရား နားထောင်မလားလို့ မေးတဲ့အချိန်မှာ အဖေက ကျွန်မကို အရမ်း စိတ်ဆိုးတယ်။ အဖေက ငါက ခရစ်ယာန်။ ခရစ်ယာန် တရားပဲ နားထောင်မယ်။ ငါ သေရင်လည်း ခရစ်ယာန် သင်းချိုင်းမှာ ဂူသွင်းပေးဖို့ မှာခဲ့ တယ်။ ခရစ်ယာန် တရားပဲ နားထောင်ခဲ့တယ်။ အဖေ့ရဲ့ နောက်ဆုံး အချိန် မှာတောင် ခရစ်တော်ကို ယုံကြည်လက်ခံတာကို ကျွန်မ တွေ့ခဲ့တယ်။ အဖေ့ရဲ့ ယုံကြည်ခြင်းက တကယ်ကိုပင် အံ့သြဖွယ်ပါတယ်။ အဖေ့ရဲ့ မိသားစု၊ ညီအစ် မောင်နှမ၊ ထဲမှာမှ အဖေ တယောက်ထဲ ယုံကြည်သူ ဖြစ်လာခဲ့ပါတယ်။ အဖေ့ရဲ့ ယုံကြည်ခြင်း ဟာ အရမ်းကို ကျွန်မတို့အတွက် အတုယူစရာ ယုံကြည်ခြင်းမျိုးပါ။ သူ မသေခင်ချိန်ထိ ခရစ်တော် ကို သူဘယ်လောက် ယုံကြည်တယ် ဆိုတာ ကျွန်မတို့ မောင်နှမတွေကို သက်သေပြခဲ့ပါတယ်။ မကြာခင် ဖခင်များနေ့ ရောက်တော့မယ် ဆိုတော့ ကျွန်မ ဘယ်လို ကျော်ဖြတ် ရပါမလဲ။ အဖေ့ကို ဖခင်များနေ့ ရောက်တိုင်း ဘယ်နေရာ ရောက်ရောက် ရောက်တဲ့ နေရာကပင် ဖုန်းခေါ်ပြီး အဖေ့ကို ဂမ်းမြောက် ဂမ်းသာစွာ အဖေ့ကို အရမ်းချစ်တယ် အခုလို နေထိုင်နိုင်အောင် အဖေ သင်ပေးခဲ့အတွက် ကျေးဇူး အများကြီးတင်တယ်လို့ အဖေ့ကို ပြောနေကျပါ။ အခု လာမယ့် ဖခင်များနေ့ မှာ ကျွန်မ ဘယ်သူ့ကို အဖေ ကျေးဇူးတင်တယ်လို့ ပြောရမလဲ။ ဘယ်လို ကျော်ဖြတ် ရမလဲ။ လို့ ငေ တွေးရင်း အဖေ့ကိုယ်စား သူ့ ရဲ့ ခရစ်တော် အပေါ် ယုံကြည်ခြင်း စိတ် တချို့ကို ပြန်လည်မျှဝေပြီး သက်သေခံလိုက်ပါတယ်။ ယုံကြည်သူ ညီအစ်ကို မောင်နှမများ အားလုံး ဘုရားသခင် ကောင်းကြီး ပေးပါစေ လို့ ဆုတောင်း ပေးလိုက် ပါတယ်။ ။ မေသူ(ဇောနေဇာ အသင်းတော်)

# ကျွန်တော်နှင့်လူမှုကွန်ယက်များ

**ကျွန်တော်နှင့် လူမှုကွန်ယက်များ..** *ဆယ်မြူရယ်စိုးလွင်*

"ယနေ့ ခေတ်မှာ လူအမျိုးမျိုး စိတ်အထွေထွေ " ဆိုသည့်အတိုင်း လူတိုင်း မတူညီ ကြပါဘူး။ မတူကြတာက .... လူမျိုး။ ယဉ်ကျေးမှု။ ဗဟုသုတ။ ဓလေ့ ထုံးတမ်း စဉ်လာ။ ဂါသနာ စတဲ့ မတူညီတဲ့ အရာတွေ အများကြီး ရှိပါ တယ်။ အဲ့လို မတူကွဲပြားစွာ ဖြစ်တည်လာမှုတော့ ဘယ်လိုလုပ်ပြီး အကြိုက်ချင်း တူမှာ လဲလေ။ အဲ့ဒီ လူမှုကွန်ယက်နဲ့ မီဒီယာတွေက ပြဿနာ မစသေးဘူး။ ပြဿနာက "နားလည်မှု" ဆိုတဲ့ "အသိတရား" "ပညာတရား" မရှိခြင်းက စတာ ပါပဲ။ အချို့က ပြောကြတယ်။ Facebook သုံးတာ မကောင်းဘူးတဲ့။ အချစ်သီချင်း သီဆိုတာ မကောင်းဘူးတဲ့။ အဲ့လို ပြောတဲ့သူအတွက် မှန်ကောင်း မှန်ပါလိမ့်မယ်။ သူ့ အမြင်၊ သူ့ ခံယူချက်၊ သူ့ ကျင့်သုံးမှု ကိုမှ ကိုယ်တွေက မသိနိုင်တာ။ ဒီတော့ သူပြောတာကို အဲ့ဒါ မှားတယ်လို့ ပြောရင် ကိုယ်တွေက လူ့ခွစာ ဖြစ်ဦးမယ်။

တစ်ခါက လူတစ်ဦးက ပြောဖူးတယ်။ အချစ်သီချင်း သီဆို တာ အပြစ် တဲ့။ ဘာကြောင့်လဲဆိုတော့ "ဈေးသည် အစ၊ ဇာတ်သမ အလယ်၊ ဖာသယ် အဆုံး" ဆိုတဲ့ စကားကို ကိုးကားပြီး ပြောတယ်။ ဒါလည်း သူ့ အတွက် မှန်ကောင်း မှန်ပါလိမ့်မယ်။ ကျွန်တော်တို့ မြန်မာစကားပုံ တစ်ခု ရှိတယ် "ကြည့်တတ် ရင် ဘ ဂနှာ။ မကြည့်တတ်ရင် တဏှာ"တဲ့ ကျမ်းစကား အရ ပြောရရင်တော့ "ငွေကို တပ်မက်ခြင်းသည် မကောင်းသော အမှုအပေါင်းတို့တွင် မူလအမြစ် ဖြစ်သတည်း" ( ၁ တိ၊ ၆း၁) လို့ဆိုထားပါတယ်။ "The love of money is a root of all evils" (1 Tim. 6:1) တပေါင်းတည်း ပြောရရင် ငွေ ကိုယ်၌က ။ ငေ တးဂီတ ကိုယ်၌က။ ဗွီဒီယို ကိုယ်၌က။ စလောင်း ချန်နယ် ကိုယ်၌က၊ Facebook ကိုယ်၌က အပြစ် မဟုတ်ပါဘူး။ မကောင်းမှု ဒုစရိုက် မဟုတ် ပါဘူး။ သင်နှင့် ကျွန်တော် ဘယ်လို အသုံးပြုတာလဲနဲ့ဘဲ ဆိုင်ပါတယ်။ ဒီတော့ ဥပမာ ရှင်းရှင်းလင်းလင်း ကွင်းကွ င်းကွက်ကွက် မြင်အောင် ချပြရရင် ဘယ် ပုံစံနဲ့ အသုံးပြုသလဲပဲ အရေးကြီးပါတယ်။ ကျွန်တော်တို့ အောက်စက်၊ အပေါ်စက် ဂယ်ကြတယ်။ အဲ့ဒီ အသုံးခံ Instruments တွေက ကျွန်တော်တို့ရဲ့ လူမှုရေး၊ စီးပွားရေး၊ ဘာသနာရေး၊ စိတ်ဓါတ်မြင့်တင်ရေး၊ ဝိညာဉ်ရေး တည်ဆောက်မှု တို့အတွက် သုံးလိမ့်မယ် ဆိုရင် ဒီအသုံးခံ Instruments တွေက မိသားစု နှင့် ပါတ်ဝန်းကျင်အတွက် မင်္ဂလာ ဖြစ်သွားတာပဲ မဟုတ်လား။ ဒါပေမဲ့ အဲ့ဒီ အစား အထက်ပါ Instruments အသုံးခံ ပစ္စည်းတွေက သူတစ်ပါး အနှောက် အယှက် ဖြစ်အောင် ညစ်ညမ်းခွေတွေ လူမျိုးရေး မုန်းတီးမှုတွေ ဘာသာရေး ပဋိပက္ခ အမှုတွေ တိုင်းရင်းသား စည်းလုံးညီညွှတ်မှု ပျက်ပြား စေရန် အတွက် စတဲ့ မကောင်းမှု ဒုစရိုက်အတွက် အသုံးပြုမယ်ဆိုရင် ဒါက မင်္ဂလာ မဟုတ် ဘူး။ အမင်္ဂလာ ဖြစ်သွားတာပါပဲ။

ကျွန်တော် ကတော့ ဒ့ဲပဲ ပြောတတ်လို့ အချစ်သီချင်း သီဆိုတာ အပြစ် လို့ ပြောတဲ့ သူတွေကို စကားပြန် မေးပြီး၊ ပြောလေ့ရှိတဲ့ သာဓက တစ်ခု ရှိတယ်" ယားလို့ ကုတ်တာ အပြစ်လား" ဆိုတဲ့မေးခွန်းပါပဲ "ယား မှတော့ ကုတ်မှာပဲလေ၊ ဒါက အပြစ်မှ မဟုတ်တာ "တဲ့ အဲ့ဒါမျိုးတော့ ပြောတတ်သားပဲ။ "ယားလို့ ကုတ်တာ အပြစ် မဟုတ်ဘူး။ ဒါပေမဲ့ ကုတ်တဲ့ အခါမှာ နေရာနဲ့ အချိန်အခါက အကျိုး အပြစ်ကို အကောင်း အဆိုးအတွက် ဖန်တီးပေးတ ယ်"ဆိုပြီး ချပြလေ့ရှိတယ်။ ဥပမာ ကျွန်တော့် လက် ယားနေတယ်။ ကုတ်တယ်။ လူသူ လေးပါးရှေ့ ရှောင်နေစရာ မလိုပါဘူး။ (ဒါပေမဲ့ ရုပ်ပျက်ဆင်းပျက်ကြီး သိက္ခာမဲ့တာ မဆိုလို) "နောက်ဒူးခေါင်း ယားတယ်။ ဒါလဲ ကုတ်လို့ ရသေးတယ်" ဒါပေမဲ့ "ဟို နေရာ၊ ဒီနေရာ ဆိုတဲ့ Private နေရာတွေ ယားလာရင်တော့ နေရာကို ရွေးဖို့ လိုသွားပါပြီ " ဒီတော့ ကျွန်တော်တို့က လူသားတွေပဲဗျာ။ အရိုးသားဆုံး ဝန်ခံကြမယ် ဆိုရင် အချစ်သီချင်း မ သီဆို ဘူးတဲ့သူ၊ မသီဆိုတဲ့သူ ရှိရိုးလား။ ကျွန်တော် အရမ်း ကြိုက်တဲ့ အထဲမှာ ကြာနီကန် ဆရာတော် ဆိုရင် ငယ်ငယ်က အသေ ကြိုက်ခဲ့တာ အဲ့ဒီ ဆရာတော်ရဲ့ တရား တွေကြောင့်လည်း ဘ ဂကို သင်ခန်းစာတွေနဲ့ ပြည့်စုံ စေခဲ့တာ။ စိုင်းထီးဆိုင်၊ ပိုးဒါလီသိန်းတန်၊ ခွန်သန်းထွန်း၊ စိုင်းဆိုင်မော်ဂ်... ယနေ့ ခေတ်အရ ဆိုရင် ဟဲလေး ... အရိုး... စတဲ့သူတွေ သီချင်းက ကျွန်တော် အိမ်မှာ ရှိရင် အမြဲ ဖွင့်ထားတတ်လို့၊ အိမ်မှာ အဲ့ဒီ သီချင်းသံတွေ မရှိရင် ဘေးအိမ်တွေက "ဆရာ ဘယ်သွားလဲ" "ဆရာ နေမကောင်းဘူးလား။ ဘာသံမှ မကြားရ လို့တဲ့" အခု ဒီစာရေးတော့လဲ ဓမ္မတေးနဲ့ အချစ် သီချင်းတွေကို ပုဒ်ရေ တစ်ထောင်ကျော် လောက် ရောသမ ထားပြီး ဖွင့်နေတာ စောစောက တင်ဇာမော်ရဲ့ "အချစ်ရဲ့ ကျောင်း သူလေး" အခုတော့ "ကိုးစား မျှော်ကြည့်ရာ ဓမ္မတေးထဲ"က မီးမီးခဲ ရဲ့ "အချစ်" ဆိုတာကို နားထောင်နေလျှက်ပါပဲ။

ဒီနေရာမှာ အချစ်သီချင်းနဲ့ ဓမ္မသီချင်း အမြင် မတူတာလဲ အပြစ်မဟုတ် ပါ ဘူး။ ကျွန်တော့် အတွက်တော့... အဆိုတော် မေဆွိရဲ့" ကိုကိုရေ ကွယ်ရာမှာ ခြေ မများ နဲ့နော်။ စာမှန်မှန်သူ ရေးပါနော်... နော်... နော်... ကိုကိုနော်... " ဆိုတဲ့ သီချင်းက ဘ ဂမှာ အမေ့ရဲ့မှာတမ်း... ဘုရားရဲ့ မှာတမ်းသဖွယ် ခံယူပြီး ဘ ဂမှာ ဘုရား မကြိုက်၊ မိဘ မကြိုက်တာကို မလုပ်ဘူးလို့ ခံစားသိမြင်ပြီး အတုယူ ခဲ့တယ်။ ဒါက "ကြည့်တတ်ရင် ဘဂနှာ၊ မကြည့်တတ်ရင် တဏှာ" ဆိုတဲ့ စကားနဲ့ ထပ်တူ ပါပဲ။ ဓမ္မတေးလည်း ခံယူတတ်ရင် ခွန်အားယူစရာ ဖြစ်ပေမဲ့ မခံယူ တတ်ရင် ဘာအတွက်လဲ။ ဒီတော့ သီချင်း ဆိုတာက ဓမ္မတေး၊ အချစ် သီချင်း ဆိုပြီး ခွဲခြားထားပေမဲ့ အားလုံးက "တေးဂီတ"ဆိုတဲ့ အုပ်စု ထဲမှာပါပဲ။ အတွေ့အကြုံလေး တစ်ခုကို ပြောပြချင်တယ် "ချစ်လား၊ မင်း ငါ့ကို တကယ် ချစ်လား ဆိုပြီး" အဆိုတော် မီးမီးခဲ တို့ တမူး၊ မင်းသာ ဘက်မှာ လာတုန်းက အောက်က လူတွေက "ချစ်တယ်... ချစ်တယ်" ဆိုပြီး ပြန်အော်ကြတာပေါ့။ နောက် အပိုဒ်ကို မီးမီးခဲ က ဆက်ဆိုလိုက်ပုံက "ဒါဆို ငါ့သိုးတို့ကို ကြည့်ရှုပါ။ ဒါဆို ငါ့သိုး တို့ကို ထိန်းသိမ်းပါ" ဆိုတော့ "ဟာ ဟင်."ဆိုပြီး ပရိတ်သတ်တွေ စိတ်ပျက်သွားတာ နဲ့ အတူတူပဲ။



တကယ်တော့ လောကမှာ ရှိနေတဲ့ အသုံးခံ Instruments ပစ္စည်းတွေက လူသား တွေကို ပိုမို ထိရောက်ပြီး၊ အသုံး တည့်စေဖို့ ဖန်တီး၊ တီထွင် ပေးလိုက် တာပါ။ သူတို့ရဲ့ စေတနာ ကို တန်ဖိုးထားရင် မြင်တတ်မှာပါ။ တီထွင်

သူက ကောင်းကျိုး အတွက် အပင်ပန်းခံ၊ တီထွင်ပြီး ပြုလုပ် ပေးခဲ့ပေမဲ့ ကျွန်တော်တို့ လက်ထဲမှာပဲ အကောင်းအဆိုးကို ဖြစ်စေတာ ဆိုရင် တရား ခံက တီထွင်သူတွေ မဟုတ်ပါဘူး။ ကျေးဇူး မဆပ်နိုင်ရင်နေ ကျေးဇူးတော့ မကန်းလိုက် ကြပါနဲ့။ တရားခံ အမှန်က "ဘယ်သူ မပြု မိမိမှု" ပါပဲ။ ကျွန်တော် Facebook, Gmail, Hi5, Okurt, Yahoo mail, YahooGroup မှအစ Multiply, Blogspot, Wordpress စတဲ့ အရာတွေကို အသုံးပြုခဲ့တာက အကျိုး များစွာ ဖြစ်ထွန်း စေခဲ့ပါတယ်။ လက်ရှိ စာစီစာရိုက်နေတာ ကိုကမှ ကွန်ပျူတာမှာ၊ ဖုန်းနဲ့ ချိတ်ပြီး MPT free facebook ကို အသုံးပြု နေတာပါ။ ဒါတွေသာ မပါရှိခဲ့ရင် ကျွန်တော် အခုလိုမျိုး ဘဝနဲ့ အခုလိုမျိုး အနေအထား ဆိုတဲ့ ဘ ဝရဲ့ မှတ်တိုင် တစ်ခုကိုတောင် ထူထောင် နိုင်ခွင့် ရှိခဲ့မှာ မဟုတ်ပါဘူး။ ဒီတော့ Facebook, Music, Social Media အားလုံးက တစ်ခုမှ မကောင်းမှု ဒုစရိုက် မဟုတ်ပါဘူး။ သင် ဘယ်လို အသုံး ပြုသလဲ ဆိုတာက အကြောင်း တရား နဲ့ အကျိုးအပြစ်ကို ဖြစ်စေတာပါ။ ။

# ရက်ကောင်းရက်မြတ်

**ရက်ကောင်းရက်မြတ်** (မင်းဟင်္သာ - အင်းစိန်)

မြန်မာ့ လူ့ဘောင် လောကတွင် ရေပန်းစား နေသည့် ရက်ကောင်း ရက်မြတ် အကြောင်းကို လေ့လာကြည့်မည် ဆိုလျှင် မြန်မာ ပြက္ခဒိန်တွင် ရက်ရာဇာ၊ ပြဿဒါးနေ့ များ စသဖြင့် ဖော်ပြတတ်သလို နဂါးခေါင်း အနောက်ဘက်သို့ မြောက်ဘက်သို့ တောင်ဘက် အရှေ့ဘက်သို့ လှည့်သည် စသဖြင့် ဖော်ပြတတ် ပါကြောင်း တွေ့ရှိနိုင်ပါသည်။ ထို့အပြင် စနေနေ့ဟာ မကောင်း။ စနေနေ့မှာ မွေးသော သားသမီးများ မိဘအိမ်ထောင်ကို ဒုက္ခပြဿနာများ ပေးမည် ဖြစ်ကြောင်း စနေ သားသမီးများသည် ဂြိုလ်ကောင် ဘဲ စသဖြင့် မှတ်ယူ တတ်ကြပြန်သည်။ သမီးစနေ၊ မီးလို မွှေ ပြီး၊ အင်္ဂါသမီး သည် လိမ္မာ ကောင်းမွန် ကြောင်း။ ထို့ကြောင့် မြန်မာမှု စုလျားရစ်ပတ် ထိမ်းမြားတော့မည် ဆိုလျှင် သတို့သား သတို့ သမီးများ ရဲ့ မွေးနေ့ကို လူများက အလွန် သိချင်ကြပါသည်။

မြန်မာ့ ထုံးတမ်း အစဉ်အလာ ယူဆချက်များမှ ဖယ်ခွာပြီး ကျနော်တို့ ယုံကြည်သူ ခရစ်ယာန် အသိုင်းအဝိုင်းတွင် ရက်ကောင်း ရက်မြတ် ဆိုသည်မှာ မည်သည့် နေ့ ဖြစ်ကြောင်း လေ့လာရမည်ဆိုလျှင် သခင်ယေရှု အဖမ်းခံရသည့် ကြာသပတေးနေ့ ဖြစ်မည်လား။ အသေခံ ရသည့် သောကြာနေ့ ဖြစ်မည်လား။ ဥပုသ်နေ့ ဖြစ်သော စနေနေ့ ဖြစ်မည်လား။ ရှင်ပြန် ထမြောက်သော တနင်္ဂနွေနေ့ ဖြစ်မည်လား ဆိုတာ ဝေခွဲလို့ မရပါ။ သမ္မာကျမ်းစာ တော်မြတ်မှာ ရော မည်ကဲ့သို့ ဆိုထား ဖော်ပြထားသည်ကို လေ့လာ မှတ်သားရမည် ဆိုလျှင် ၁ပေ ၃း၁၀ - ၁၁ မှာ အဘကို မွေ့လျော်စေ၍ ကောင်းမွန်သော နေ့ရက်ကို တွေ့မြင် ခြင်းငှာ အလိုရှိသော သူသည် မိမိ လျှာကို မကောင်းသော အမှုနှင့် ကင်းလွတ်စေ။ မိမိ နှုတ်ခမ်းလဲ မုသာ စကားကို မပြောစေနှင့်။ ဒုစရိုက်ကို လွှဲရှောင်၍ သုစရိုက် ကို ပြုစေ။ သူတပါးနှင့် အသင့်အတင့် နေခြင်းကို ရှာ၍ မှီအောင် လိုက်စေ။ အထက်ပါ ကျမ်းသဘောအရ နေ့ကောင်းနေ့မြတ် သည် မြန်မာ့ လူ့ဘောင်မှာ ယူဆထားသော အင်္ဂါနေ့လဲ မဟုတ်ပါ။ ဣသရေလ လူမျိုးတို့ ယနေ့တိုင် ကျင့်သုံးနေသော ဥပုသ်နေ့ စနေနေ့လဲ မဟုတ်ပါ။ ရှင်ပြန် ထမြောက်သည့် တနင်္ဂနွေနေ့လဲ မဟုတ်ပါကြောင်း။ ရက်ကောင်းရက်မြတ်ကို တွေ့မြင် လိုသည် ဆိုလျှင်၊ မိမိ လျှာကို မကောင်းသော အမှုနှင့် ကင်းလွတ်စေ။ မိမိ နှုတ်ခမ်းလဲ မုသာ စကားကို မပြောစေနှင့်။ ဒုစရိုက်ကို လွှဲရှောင်၍၊ သုစရိုက် ကို ပြုစေ။ သူတပါးနှင့် အသင့်အတင့်နေခြင်းဖြင့် မည်သည့်နေ့ မဆို ရက် ကောင်း ရက်မြတ် ဖြစ်မည်မှာ မလွှဲကေန် ဖြစ်သည်။

လူတွေသည်သာ ရက်ကောင်းရက်မြတ်ကို ဆိုးသော ရက် အဖြစ် ပြောင်းလဲ တတ်ကြပါသည်။ မြန်မာ့ ဆိုရိုးစကားအရ သားဦး စနေ မီးလိုမွှေ အစား သားဦး စနေ နှင်းလို ဝေ ဝ။ အေးမြအောင် လုပ်ကြပါစို့။ လူများတွေရဲ့ ခံ ယူချက်၊ ယုံကြည်ချက် အခြားသူများ ပြော သည့် အကုသိုလ်ကံ ဆိုးရက်များကို ကျနော်တို့ရဲ့ မေတ္တာတော်ရှင် အဖဘုရားသခင်ဟာ ပြုပြင်ပြောင်းလဲနိုင်ပါတယ်။ ဥပမာ ပြရမည် ဆိုလျှင် ကျနော့်ကို မယုံကြည်သူ မိတ်ဆွေ ဗေဒင်ဆရာမှ ၁၉၉၃ ဂဏန်းကျင် ၌ နိုင်ငံတော် အရာထမ်း တာဝန်မှ နှုတ်ထွက်ပြီးနောက် ရေခြားမြေခြား အလုပ်ရှာရန် ထွက်ခွာစဉ်က ကျနော်၏ ကံဇာတာကို နည်းမျိုးစုံဖြင့် (မဟာဘုတ် အပါအဝင်) တွက်ချက်ရာ၊ အကျိုးရှိမည့် ကောင်းစားမည့် လက္ခဏာ မမြင်ရ။ အလုပ် မရရှိနိုင်ကြောင်း ပြောခဲ့ပါသည်။ သို့သော် ကျနော်က မယုံကြည်ခဲ့ပါ။ အဘ ဘုရားသခင်ကို အော်ဟစ်ပြီး ကိုယ်တော်ရယ် သူတို့ရဲ့ ကံဇာတာ တွက်ချက်မှု မှန်ခဲ့သည့်တိုင် ကိုယ်တော်ဟာ အရာ အားလုံးကို ပြောင်းလဲ စိုးပိုင်သော အရှင်ဖြစ်၍ အဆင်ပြေအောင် မစတော်မူပါ လို့တောင်းလျှောက်သည့်အခါ မည်သို့မှ မျှော်မှန်း မထားသော၊ အလွန်မှ ကောင်းသော ကမ္ဘာလုံးဆိုင်ရာ လေကြောင်း ဆက်သွယ်ရေး ကုမ္ပဏီမှာ ရာထူးအကြီးဆုံးဖြင့် မြန်မာနိုင်ငံတွင် ဆယ်နှစ်တာမျှ တာဝန်များကို ထမ်းဆောင်ခွင့် ဆုကျေးဇူးကို ရရှိခဲ့ပါသည်။ ကျနော် ဟာ အရာရာကို တတ်နိုင်သော ဘုရား ကို အားကိုးခဲ့လို့ အစစအရာရာ အဆင် ပြေခဲ့ပါသည်။ သင့်ရဲ့ ပြဿနာ အားလုံးကို သင်တို့ရဲ့ အစွမ်းအစ အကူအညီ မပါဘဲ ကိုင်တွယ် ဖြေရှင်းပေးမည့် ဘုရား။ သင် မဖြေရှင်း နိုင်သည့် အဖြေ ပြဿနာ ကြုံတွေ့ လာမည်ဆိုလျှင် မိမိကိုယ်တိုင် ဖြေရှင်းရန် မကြိုးစားဘဲ ကိုယ်တော် ဘုရား လက်တော်ထဲ အပ်လိုက်ရန် ကိုယ်တော် ဘုရားသည် အရာ အားလုံးကို တတ်နိုင်သည့် အရှင် ဖြစ်သည့်အတိုင်း ဖြေရှင်း ပေးမည်ဟု ယုံကြည်လိုက်ပါ။ နောက်ဆုံး အနေနှင့် ရက်ကောင်း ရက်မြတ် နေ့သစ် တစ်ရက် အကြောင်း ကို မူရင်း အင်္ဂလိပ်ဘာသာ စကားဖြင့် ပြန်လည်ဖော်ပြပါမည်။

*A new day*

Every sunrise is the beginning of a new day. You have been given this day to use as you will. You can waste it or use it for good. What you do today is important because you are exchanging a day of your life for it. When tomorrow comes, this day will be gone forevers. In its place is something that you have left behind. Let it be something good. Make every new day count. And have a wonderful day TODAY. အထက်ပါ A new day ကဗျာကို မြန်မာမှု ပြုရပါမူ -



***နေ့သစ်တစ်ရက်***

နေထွက်တိုင်းသည် နေ့သစ် တစ်နေ့၏ အစ ဖြစ်ပါသည်။
ဤနေ့သစ်ကို မိတ်ဆွေတို့ လိုသလို အသုံးပြုနိုင်ရန် ချပေးထားပါသည်။
မိတ်ဆွေသည် ဤနေ့သစ်ကို အလဟဿ ဖြုန်းတီး ပစ်နိုင်သလို ကောင်းမွန် အကျိုး ရှိအောင်လည်း အသုံးချနိုင်ပါသည်။ မိတ်ဆွေ ဤနေ့ကို အသုံးချပုံသည် အရေးကြီးပါသည်။ အကြောင်းမှာ မိတ်ဆွေ၏ ဘဝ အသက်တာ၏ တစ်ရက်ကို ဤနေ့တွင် အသုံးချ လိုက်ခြင်းဖြင့် ပေးဆပ်လိုက်ပြီး ဖြစ်ပါသည်။
နက်ဖြန်နေ့ ရောက်ရှိလာပါက ယနေ့သည် ထာဝရ ပျောက်ကွယ် သွားရ တော့မည်။ ယခုလို ပျောက်ကွယ်သွားရမည့် နေ့ အတွက် မိတ်ဆွေသည် တစ်စုံ တစ်ရာ ချန်ရစ် ထားခဲ့ပါသည်။ ၄င်း အရာသည် ကောင်းမွန်သော အရာ ဖြစ်ပါစေ မိတ်ဆွေ။ နေ့သစ်တိုင်းကို ရေတွက် ၍ အမှတ်ရ စရာ နေ့ဖြစ်စေပါ။ ယနေ့ သည် မိတ်ဆွေများ အားလုံးအတွက် အံ့ဖွယ် ကောင်းသော နေ့ ဖြစ်ပါ စေ ကြောင်း ဆန္ဒပြုလိုက်ပါသည်။ ဤ ဝေမျှခြင်းကို ဖတ်ရှုရသော ချစ်သော ညီ အစ်ကို မောင်နှမ အပေါင်း အပေါ်သို့ သခင်ယေရှုခရစ်နှင့် ကျွန်ုပ်တို့ အဘ တည်း ဟူသော ဘုရားသခင့် အထံ တော်မှ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်း သည် အစဉ် သွန်းလောင်း ပါစေ ကြောင်း -- ။ ။

မေတ္တာဖြင့် - မင်းဟင်္သာ (အင်းစိန်) ၅-၅-၂၀၁၇ (မှတ်ချက် - ဗေဒင်ဆရာ မိတ်ဆွေ၏ ကျနော့် ကံဇာတာ တွက်ချက် ခြင်းမှာ သူ လေ့လာ ထားသော ဗေဒင်ပညာ၏ အကျိုးသက်ရောက်မှုကို သိလိုခြင်း သက် သက်သာ ဖြစ်ကြောင်း။ ကျနော်က မယုံကြည်၍ တွက်ချက် လိုခြင်း မရှိကြောင်း ငြင်းဆန် ခဲ့သော်လဲ မိတ်ဆွေက တွက်ချက် ပေးခဲ့ခြင်းဖြစ်ကြောင်း --- ။ ။ )

# ကျွန်ုပ်၏ကိုယ်ရေးရာဇဝင်

ကျွန်ုပ်၏**ကိုယ်ရေးရာဇဝင်**[ရှာဖွေသူ - ဇီးရိုး။ ဘာသာပြန် - မင်းအောင်သက်လွင်]
*အသေးစိတ်။* နာမည် - ယေရှုခရစ်တော်။ လိပ်စာ - ဖေက် ၁း၂၀ [ထိုတန်ခိုးတော်ကား ခရစ်တော်ကို သေခြင်းမှ ထမြောက် စေတော်မူ၍ ခရစ်တော်၌ ပြုပြင်

သော မဟာတန်ခိုး အာနုဘော် အရှိန်ကဲ့သို့ ဖြစ်၏။] ဖုန်းနံပါတ် - ရောမ ၁၀း၁၃ [ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင် တော်မူခြင်းသို့ ရောက်ရကြလတ္တံ့။] ဂက်ဆိုက် - သမ္မာကျမ်းစာ

<u>အဓိကသော့ချက်</u> - ခရစ်တော်။ သခင်။ ကယ်တင်ရှင်။ ယေရှုခရစ်တော်

ငါ့နာမည်က ယေရှု ဖြစ်တယ်။ ခရစ်တော်လဲ ဖြစ်တယ်။ အများစု က တော့ ကယ်တင်ရှင် လို့ခေါ်ကြတယ်။ ငါ့ရဲ့ ကိုယ်ရေး ရာဇဝင်ကို မင်းဆီ ပို့လိုက်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မင်းရဲ့ နှလုံးသားက အဓိက အုပ်ချုပ်မှု နေရာရဲ့ အမြင့်ဆုံး ရာထူးကို ငါလိုချင်နေလို့ဘဲ။ စိတ်အေးအေးထားပြီး ငါ့ရဲ့ ကိုယ်ရေး အချက် အလက်တွေကို ဖတ်ကြည့်ပါ။

<u>လုပ်ဆောင်ချက်။ ကိုယ်ပိုင် အရည်အချင်း -</u>

ကောင်းကင်နဲ့ မြေကြီးကို ငါ ဖန်ဆင်းခဲ့တယ်။ သုတ္တံ ၃း၁၉။ မြေမှုန့် ထဲက နေ လူသားကို ငါ ပုံဖော် ဖန် ဆင်း အသက်သွင်းခဲ့တယ်။ ကမ္ဘာ ၂း၇။ လူသားရဲ့ နှာခေါင်း ထဲကနေ အသက်ဝိညာဉ်ကို ငါ မှုတ်သွင်း ခဲ့တယ်။ ကမ္ဘာ ၂း၇။ လူသားတွေကို ပညတ်တရားရဲ့ ကျိန်ခြင်းကနေ ငါ ရွေးနှုတ် ခဲ့တယ်။ ဂလာတိ ၃း၁၃။ အာဗြံဟံ ခံရတဲ့ ကောင်းကြီး မင်္ဂလာ ဟာ ငါ့အားဖြင့် မင်းတို့ လူသားတွေ အပေါ် သက်ရောက် စေခဲ့တယ်။ ဂလာတိ ၃း၁၄။

<u>သက်မွေးဝမ်းကျောင်းသမိုင်းနောက်ခံ</u>

ငါ့မှာ အလုပ်ရှင် အဘ တစ်ပါးတည်း ရှိတယ်။ လုကာ ၂း၄၉။ မဿဲ ၃း၁၅-၁၇ ငါဟာ အလုံးစုံသော တရားကို အကုန် ကျင့်ခဲ့တဲ့သူ ဖြစ်တယ်။ ငါ့ အလုပ်ရှင်က ငါ နှစ်သက်မြတ်နိုးရာ၊ ငါရဲ့ ချစ်သား လို့တောင် ခေါ်ခဲ့တယ်။

<u>လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်သက်အတွေ့အကြုံ</u>

လုကာ ၄း၁၈။ ဆင်းရဲသားတို့အား ဝမ်းမြောက်ဝမ်းသာစရာ သိတင်းကို ကြားပြော ခဲ့တယ်။ ကြေမွတဲ့ သူတွေရဲ့ အနာကို ပျောက်စေ ငြိမ်းစေ ခဲ့တယ်။ ဖမ်းသွား ချုပ်ထားလျှက် ရှိသော သူတို့ကို လွှတ်ခြင်း အကြောင်းနှင့် မျက်စိ ကန်းသော သူတို့အား မျက်စိ မြင်ပြန်ခြင်း အကြောင်းကို ပြစေခြင်းငှာ၄င်း။ ညှဉ်းဆဲ ခံရသော သူတို့ကို ကယ်မ စေခြင်းငှာ၄င်း။ ငါ လုပ်နိုင်စွမ်းခဲ့တယ်။ ယေရှာယ ၉း၆ အံ့သြဘွယ် တိုင်ပင်ဘက် ဖြစ်တယ်။ သုတ္တံ ၁း၃၃ - ငါ့စကားကို နားထောင်သော သူမူကား လုံခြုံစွာနေ၍ ဘေးကို မကြောက်ဘဲ ငြိမ်ဝပ်လိမ့်မည်။ ၁ယော ၁း၇-၉ ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ အသွေးတော်သည် ငါတို့ အပြစ် ရှိသမျှကို ဆေးကြောတော်မူ၏။

*<u>ပညာရေးနောက်ခံသမိုင်း</u>*

သုတ္တံ ၂း၆ ထာဝရ ဘုရားသည် ပညာကို ပေးတော်မူတတ်၏။ နားလည်နိုင်သော ဉာဏ်သည် နှုတ်ကပါတ်တော် အားဖြင့်သာ ဖြစ်တတ်၏။ ကောလောသဲ ၂း၃ ထို နက်နဲသော အရာ၌ ပညာဘဏ္ဍာ။ ဉာဏ်ဘဏ္ဍာ ရှိသမျှ တို့သည် ဝှက်ထားလျှက် ရှိကြ၏။ ဆာလံ ၁၁၉း၁၀၅ နှုတ်ကပါတ်တော် သည် အကျွန်ုပ် ခြေရှေ့မှာ မီးခွက် ဖြစ်၍ အကျွန်ုပ် လမ်းခရီးကို လင်းစေပါ၏။ ဆာလံ ၄၄း၂၁ နှလုံး၌ ဝှက်ထားသော အရာ များကို ဘုရားသခင် သိတော်မူသည် ဖြစ်၍ ထိုအမှုကို မစစ်ဘဲ နေတော်မူမည်လော။

*<u>အဓိက လုပ်ဆောင်ချက်</u>*

ကမ္ဘာဦး ၁း၂၆ တဖန် ဘုရားသခ င်က ငါတို့ ပုံသ ဏ္ဌာန်နှင့် တညီတသဏ္ဌာန် တည်း လူကို ဖန်ဆင်း ကြစို့ လို့ဆိုပြီး စည်းဝေးတဲ့ အလည်မှာ ငါရှိနေခဲ့တယ်။ ၂ကော ၅း၁၅ လူအပေါင်းတို့သည် သေလျှက်နေကြသည် ဟူ၍၄င်း --- လူအပေါင်းတို့ အတွက်ကြောင့် အသေခံတော်မူသည် ဟူ၍၄င်း။ [မင်းတို့ အသက် ရှင်ဖို့ ငါ အသေခံခဲ့တယ်။] ကောလောသဲ ၂း၁၅ အထွတ်အမြတ် အာဏာ စက်များကို လုယူလျှင် ထင်ရှားစွာ ထုတ်ပြ၍ လက် ဝါး ကပ်တိုင်တော် အားဖြင့် အောင်ပွဲကို ခံတော်မူပြီ။ ငါဟာ ဆင်းရဲသားတွေကို ကျွေးမွေး ပြုစု ခဲ့တယ်။ နာမကျန်း သူတွေကို ထွေးပွေ့ ကုသခဲ့တယ်။ သေသူကိုပင် ငါ အလိုရှိလျှင် ရှင်ပြန် ထမြောက် စေခဲ့တယ်။ ဒီထက် မကတဲ့ ထူးခြားတဲ့ ငါ့ရဲ့ လုပ်ဆောင်ချက်တွေကို website ထဲမှာ မင်း ရှာဖွေ ဖတ်ရှုနိုင်ပါတယ်။ www.the BIBLE ထဲမှာ ရှိပါတယ်။

*<u>ကိုးကားချက်</u>*

ကမ္ဘာတဝှမ်းမှာ ရှိနေကြတဲ့ ငါ့ရဲ့ နောက်လိုက်တွေ ငါ့ရဲ့ ယုံကြည်သူတွေဟာ ငါ့ရဲ့ အံ့မခန်း ဖွယ် လုပ်ဆောင်ချက်တွေ။ အနာရောဂါ ငြိမ်းစေခြင်းတွေ။ နိမိတ်လက္ခဏာ တွေ သဘာဝလွန်တဲ့ ထူးခြား ဖြစ်စဉ်တွေကို တွေ့မြင် ခံစား သိရှိ နားလည် သက်သေထူပြကြပါလိမ့်မယ်။

<u>နိဂုံးချုပ်</u>

အခုဆိုရင် မင်းဟာ ငါ့ရဲ့ ကိုယ်ရေးရာဇဝင် အချက်အလက်တွေကို ဖတ်ရှု ပြီး သွားပြီလို့ ငါ ယူဆပါတယ်။ ငါသာလျှင် မင်းရဲ့ နှလုံးသားက လွတ်လပ် နေတဲ့ စူပါ အုပ်ချုပ်ရေးမှူး ရာထူးကို ထိုက်တန်စွာ ခံယူထိုက်သူလို့ ငါအကြွင်းမဲ့ ယုံကြည် ပါတယ်။ မင်း သွားရမဲ့ လမ်းကို ငါကောင်းကောင်း ပြည့်နှင်နိုင်ပါတယ်။ ထာဝရ အသက် ရသည့် အထိတိုင်အောင်ပါဘဲ။ သုတ္တံ ၃း၅-၆ ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ကိုးစားလော့။ ကိုယ် ဉာဏ်ကို အမှီ မပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရာကို မျက်မှောက်ပြုလော့ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။


ယော ၆း၄၇ ငါ့ကို ယုံကြည်သော သူသည် ထာဝရ အသက်ကို ရ၏။ ဘယ်တော့ ငါ မင်းဆီ လာပြီး အလုပ် စဝင်ရတော့မလဲ။ အချိန်က အရမ်း အရေးကြီးပါတယ်။ ဟေဗြဲ ၃း၁၅ ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော် အသံကို ကြားလျှက် ရှိသည် ဖြစ်၍ ဆန့်ကျင်ဘက် ပြုရာ ကာလ၌ ရှိသကဲ့သို့ ခိုင်မာသော စိတ်နှလုံး မရှိ ကြနှင့် ဟု ကျမ်းစာ လာသည် ---- ။ ရောမ ၁၀း၉-၁၀ သင်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှာ စိတ် နှလုံးဖြင့် ယုံကြည်ရ၏။

မင်းရဲ့ နှလုံးသားထဲမှာ ငါ့ကို အတိုင်ပင်ခံ အုပ်ချုပ်ရေးမှူးအဖြစ် ရာထူး ခန့်အပ်မယ်ဆိုရင် ငါအခုဘဲ မင်းဆီမှာ အလုပ်စဝင်တော့မယ်လို့ ကတိပေးပါတယ်။ ငါ့ရဲ့ CV form ကိုယ်ရေးရာဇဝင် အချက်အလက် လေးတွေကို မင်း ရဲ့ မိတ်ဆွေ တွေ ထံကိုလဲ လက်ဆင့်ကမ်း ပေးပို့လိုက်ပါအုံး။

[ ရှာဖွေတင်ပြသူ - ဇီးရိုး။ ဘာသာပြန်ရေးသားသူ - မင်းအောင်သက်လွင်။]

Credit to Original Author.

-----------------------------------------------------------






သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၁ ဇူလိုင်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။